# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 12, 2025 Volume 94, Number 10


၁၂ ၉.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၃.၆၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၈.၁၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၄၆.၀၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၇.၃၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၉၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၂၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၉.၁၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၃၀ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မြန်မာ-ရုရှား ကုန်သွယ်မှုတိုးမြှင့်ရေး ဆွေးနွေး




မြန်မာနိုင်ငံနဲ့ရုရှားနိုင်ငံတို့အကြား ကုန်သွယ်မှုတိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနဲ့လျှပ်စစ်၊ စွမ်းအင်ကဏ္ဍဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်တွေကို စက်တင်ဘာ ၃ ရက်ကနေ ၆ ရက်အထိ ရုရှားနိုင်ငံ၊ ဗလာဒီဗော့စတော့ခ်မြို့မှာကျင်းပတဲ့ ၁၀ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်မှာ ဆွေးနွေးခဲ့ကြပါတယ်။

ဖိုရမ်ကိုပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ချိန်မှာ ဆွေးနွေးခဲ့ကြတာပါ။

မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ဆန်စပါး၊ ကော်ဖီ၊ သရက်သီးနဲ့ရေထွက်ကုန်ပစ္စည်းတွေ တင်ပို့နိုင်ဖို့အပါအဝင် ကုန်သွယ်မှုတိုးမြှင့်ရေးတွေကို ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှာ အလားအလာကောင်းပြီး အာမခံချက်ရှိတဲ့ ရေနံနဲ့သဘာဝဓာတ်ငွေ့တွေမှာ ရှာဖွေတူးဖော်ထုတ်လုပ်ရေး၊ Feasibility Study ပြုလုပ်ထားတဲ့ ရေနက်ဆိပ်ကမ်းတွေနဲ့ တည်ဆောက်ထားပြီးဖြစ်တဲ့ ပိုက်လိုင်းတွေ အသုံးပြုကာ LNG Hub လို Energy Trading ပြုလုပ်နိုင်မဲ့ အခွင့်အလမ်းတွေမှာ ရင်းနှီးမြှုပ်နှံဖို့ အလားအလာကောင်းတွေနဲ့ နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မယ့်ကိစ္စရပ်တွေကို နှစ်နိုင်ငံ သက်ဆိုင်ရာ တာဝန်ရှိသူတွေ ဆွေးနွေးခဲ့ကြပါတယ်။

အရှေ့ဖျား စီးပွားရေးဖိုရမ်ကို ၂၀၁၅ ခုနှစ်ကစလို့ နှစ်စဉ်ကျင်းပခဲ့ပြီး ရုရှားနိုင်ငံနဲ့ ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းတွေကြား ဆက်သွယ်မှုထူထောင်ရေးနဲ့ အာရှနဲ့ပစိဖိတ်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးပလက်ဖောင်း

တစ်ခုဖြစ်စေဖို့ ရည်ရွယ်ကျင်းပတာ ဖြစ်တယ်လို့ သိရပါတယ်။

လက်ရှိမှာ မြန်မာနဲ့ရုရှားနိုင်ငံအကြားနှစ်နိုင်ငံကုန်သွယ်မှုက တိုးတက်မှုရှိပြီး ရုရှားကနေ မြန်မာကို ဆေးဝါးထုတ်ကုန်တွေ၊ ဓာတ်မြေဩဇာစတဲ့ ကုန်ပစ္စည်းတွေ တင်ပို့နေတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ဆီကြိတ်ဖတ်ဈေးများ ဆက်လက်မြင့်တက်နေ

စက်တင်ဘာလဒုတိယပတ်တွင်မန္တလေးကုန်စည်ဒိုင်ဈေးကွက်၌ ဆီကြိတ်ဖတ်ဈေးနှုန်းများဆက်လက်မြင့်တက်နေပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

မြေပဲဖတ်တစ်ပိဿာဈေးနှုန်းများမှာ ယခုတစ်ပတ်ကျပ် ၅၆၀၀မှ ၅၇၀၀၊ ယခင်တစ်ပတ်ကျပ် ၅၂၀၀ မှ ၅၃၀၀၊ ယခင်လ ကျပ် ၄၂၅၀ မှ ၄၂၇၀ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၄၀၀ ကျပ် ၊ ယခင်လထက် ကျပ် ၁၃၅၀ မှ ၁၄၃၀ ခန့် ဈေးမြင့်လာသည်။

နှမ်းဖတ်တစ်ပိဿာဈေးနှုန်းများမှာ ယခုတစ်ပတ် ကျပ် ၃၄၀၀ မှ ၃၅၀၀၊ ယခင်တစ်ပတ် ကျပ် ၃၀၀၀ မှ ၃၁၅၀၊ ယခင်လကျပ် ၂၇၀၀ မှ ၂၈၀၀ ဖြစ်သည်။ ယခင်တစ်ပတ် ကျပ် ၃၅၀ မှ ၃၅၀ ၊ ယခင်လထက် ၇၀၀ ကျပ် ခန့်ဈေးမြင့်လာသည်။

နေကြာဖတ်တစ်ပိဿာဈေးနှုန်းများမှာ ယခုတစ်ပတ် ကျပ် ၂၈၀၀ မှ ၂၈၅၀၊ ယခင်တစ်ပတ် ကျပ် ၂၄၀၀ မှ ၂၅၀၀၊ ယခင်လ ကျပ်၂၁၀၀ မှ ၂၂၀၀ ဖြစ်သည်။ယခင်တစ်ပတ်ထက် ကျပ် ၃၅၀ မှ ၄၀၀၊ ယခင်လထက် ကျပ် ၆၅၀ မှ ၇၀၀ ခန့်ဈေးမြင့်လာသည်။

မုန်ညင်းဖတ်တစ်ပိဿာဈေးနှုန်းများမှာ ယခုတစ်ပတ်ကျပ်၂၇၀၀ မှ ၂၈၀၀၊ ယခင်တစ်ပတ်နှင့် ယခင်လတွင် ကျပ် ၂၅၀၀ မှ ၂၆၀၀ ဖြစ်သည်။ ယခင်တစ်ပတ်နှင့် ယခင်လထက် ၂၀၀ ကျပ် ခန့်ဈေးမြင့်တက်လာသည်။

ပန်းနှမ်းဖတ်တစ်ပိဿာဈေးနှုန်းများမှာ ယခုတစ်ပတ် ၂၇၀၀ ကျပ်၊ ယခင်တစ်ပတ် နှင့် ယခင်လတွင် ကျပ် ၂၄၀၀မှ ၂၄၅၀ ဖြစ်သည်။ ယခင်တစ်ပတ်နှင့် ယခင်လထက် ကျပ် ၂၅၀ မှ ၃၀၀ ခန့် ဈေးမြင့်တက်လာသည်။

**Source :** https://myantrade.gov.mm/

## မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန်ပစ္စည်းတင်ပို့ရန် GACC တွင် မှတ်ပုံတင်လျှောက်ထားမှုများ ဆက်ရှိနေ



မြန်မာနိုင်ငံမှတရုတ်နိုင်ငံသို့ စားသောက်ကုန်ပစ္စည်းများတင်ပို့ရန်တရုတ်နိုင်ငံGACC တွင် မှတ်ပုံတင်လျှောက်ထားမှုများဆက်ရှိနေကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ပြည်တွင်းကုန်သွယ်မှုဌာနခွဲ၊ GACC ရုံးလုပ်ငန်းအဖွဲ့ရဲ့ ထုတ်ပြန်ချက်တွေအရ သိရပါတယ်။

ထိုကဲ့သို့ GACC ၌ မှတ်ပုံတင်လျှောက်ထားလျက်ရှိရာတွင်၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၂၀၂၅ ခု နှစ်၊ စက် တင်ဘာလ ၅ ရက်နေ့အထိ ကုမ္ပဏီ/ စက်ရုံ ၁၇၉၅ ခုမှ ပေးပို့ထားသည့်စောင်ရေစုစုပေါင်း ၃၇၃၉ စောင် အား မှတ်ပုံတင်ရန် လျှောက်ထားပြီးဖြစ်ကြောင်း သိရပါတယ်။

သက်ဆိုင်ရာအာဏာပိုင်အဖွဲ့ (Competent Authority)များဖြစ်သည့် စိုက်ပျိုးရေးဦးစီးဌာနမှ ကုမ္ပဏီ ၁၆၂၀ ခု ၊ စောင်ရေ ၃၅၆၄ စောင်၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကုမ္ပဏီ/စက်ရုံ ၁၅၂ ခု၊ စောင်ရေ ၁၅၂ စောင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကုမ္ပဏီ ၁၄ ခု၊ စောင်ရေ ၁၄ စောင်နှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကုမ္ပဏီ ၉ ခု၊ စောင်ရေ ၉ စောင်တို့ ဖြစ်ကြောင်း ဖော်ပြထားပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China-GACC) ၏ ကြေညာချက်အမှတ် ၂၄၈ နှင့် ၂၄၉ တို့အရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန်တင်ပို့မည့်/တင်ပို့လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် GACC တွင် မှတ်ပုံတင်ပြီးမှသာလျှင် တင်ပို့ခွင့်ရရှိခြင်းဖြစ်ပါတယ်။

**Source :** https://opinionleadersmedia.com/

## ကျောက်ဆည်ဒေသထွက် ဖီးကြမ်းငှက်ပျော စိုက်ပျိုးမှုနှင့်ဈေးနှုန်းဈေးကွက်




မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်သည် အညာဒေသလယ်တွင်းကိုးခရိုင်တွင် ခရိုင်တစ်ခု အပါအဝင်ဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကိုအခြေခံ၍ စပါး၊ ပဲမျိုးစုံ၊ ဆီထွက် သီးနှံမျိုးစုံ၊ ငရုတ်၊ သရက်နှင့် ငှက်ပျော စသည့် သီးနှံများကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ငှက်ပျောသီးနှံကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရာမှ စီးပွားဖြစ် စိုက်ပျိုးလာကြသည်။

ငှက်ပျောသီးကို ရာသီမရွေးစိုက်ပျိုးနိုင်ပြီး တစ်ဧကလျှင် အပင်ပေါင်း ၈၀၀ ခန့် ဝင်ဆံ့စိုက်ပျိုးရကြောင်း၊ ပင်ခြားတန်းခြား ၈ ပေခြား စိုက်ပျိုးကာ စိုက်ပျိုးပြီး ၉-၁၀ လခန့်အကြာတွင် ငှက်ပျောဖူးများ စတင်ထွက်ရှိ၍ ငှက်ပျောဖူးထွက်ပြီး ၄ လခန့် အကြာတွင် ရောင်းတန်းဝင် ငှက်ပျောခိုင်များ ခုတ်ယူရရှိလာကြောင်း၊ ကျောက်ဆည်ဒေသ၌ ဖီးကြမ်းငှက်ပျောမျိုးများကို အဓိကထား စိုက်ပျိုးကြပြီး ပျိုးပင်၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၂၀ သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ငှက်ပျောခိုင် ၈၀၀ ခန့်၊ လှည်းအစီးအရေအတွက်အားဖြင့် ၂၀စီးထွက်ရှိကြောင်း၊ အခိုင် ၄၀ ပါလှည်းတစ်စီးလျှင် ၅၀၀,၀၀၀ ကျပ် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ဈေးကွက်အနေဖြင့် ငှက်ပျောပွဲစားများမှ ခြံများသို့ လာရောက် ဝယ်ယူ၍ ကျောက်ဆည်မြို့ဒေသတွင်း၊ ရွှေသိမ်တော်ဘုရားရှိ ကန်တော့ပွဲရောင်းချသည့်ဆိုင်များနှင့်ရန်ကုန်၊ မန္တလေး၊ ပဲခူးမြို့များသို့ တင်ပို့ရောင်းချကြောင်း၊ ငှက်ပျောခိုင်၊ ငှက်ပျောအရွက်၊ ငှက်ပျောအသားတက်(ပင်ပေါက်)များပါ ရောင်းချရသဖြင့် တစ်ပင်လုံးအသုံးဝင်သော ဖီးကြမ်းငှက်ပျောများ စိုက်ပျိုးရာတွင် အကျိုးအမြတ်များရရှိပြီး တွက်ခြေကိုက်သည့်အတွက် စီးပွားဖြစ် စိုက်ပျိုးလာကြကြောင်း သိရသည်။

**Source : DOCA(မန္တလေး)**

https://www.doca.gov.mm/

## မြင်းခြံမြို့၏ ပဲတီစိမ်းနှင့်မတ်ပဲ ဈေးနှုန်းဈေးကွက်အခြေအနေ



မြင်းခြံမြို့နယ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သော ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ပြောင်းနှင့်ကြက်သွန်နီသီးနှံများ စိုက်ပျိုးလျက်ရှိရာ ပဲတီစိမ်းနှင့်မတ်ပဲသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လနောက်ဆုံးပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ၉၃,၀၀၀ ကျပ်၊ မတ်ပဲ တစ်တင်းလျှင် ၆၂,၀၀၀-၇၇,၀၀၀ ကျပ် ပေါက်ဈေးများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်ဇူလိုင်လနောက်ဆုံးပတ်တွင်ပဲတီစိမ်းတစ်တင်းလျှင်၉၆,၀၀၀ကျပ်၊မတ်ပဲတစ်တင်းလျှင်၆၄,၀၀၀- ၈၀,၀၀၀ ကျပ်

ပေါက်ဈေးများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ကာလတူနှိုင်းယှဉ်ပါကယခုသြဂုတ်လနောက်ဆုံးပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ၃၀၀၀ ကျပ်၊ မတ်ပဲတစ်တင်းလျှင် ၂၀၀၀-၃၀၀၀ ကျပ်ခန့်ဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း ဒေသတွင်းပွဲရုံလုပ်ငန်းရှင်များထံက သိရသည်။

စိုက်ပျိုးထွက်ရှိသော ပဲတီစိမ်းနှင့် မတ်ပဲများကို ဒေသတွင်း စားသုံးကြကြောင်း၊ ၎င်းတို့ကို အပတ်စဉ် ၁၅၀-၂၀၀ အိတ်ခန့် အရောင်းအဝယ်ဖြစ်ကြောင်း၊ ပဲအသစ်ထွက်ပေါ်ချိန် မရှိသေးသောကြောင့် ပဲလက်ကျန်အိတ်များလည်း နည်းနေပြီဖြစ်ကြောင်း၊ တင်ပို့မှုအနေဖြင့် မန္တလေးမြို့၊ ရန်ကုန်ဘုရင့်နောင်၊ လှိုင်သာယာမြို့နှင့် ရွှေပြည်သာမြို့များသို့တင်ပို့ကြောင်း ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများထံက သိရသည်။

**Source : DOCA(**မန္တလေး)

https://www.doca.gov.mm/

## ၂၀၂၅ ခုနှစ်ဇူလိုင်လတွင် နိုင်ငံခြားခရီးသွားစံချိန်တင်ရရှိခဲ့သည့် ဘာလီ



အင်ဒိုနီးရှားနိုင်ငံဘာလီစာရင်းအင်းရုံး (BPS)က နိုင်ငံခြားခရီးသွားလာရောက်လည်ပတ်မှု ဆက်လက်မြင့်တက်နေပြီး ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် ၂၀၂၅ ခုနှစ်အတွက် အမြင့်ဆုံးလည်ပတ်မှု အရေအတွက်ရရှိခဲ့ကြောင်း စက်တင်ဘာလ ၁ ရက်နေ့က ထုတ်ပြန်ခဲ့သည်။

ဇူလိုင်လတွင် စုစုပေါင်း နိုင်ငံတကာလည်ပတ်သူ ၆၉၇,၁၀၇ ဦး ရရှိခဲ့ပြီး ဇွန်လကထက် ၉ ဒသမ ၂၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

ဇွန်လတွင်လည်း စံချိန်တင်လည်ပတ်သူ ၆၀၂,၂၁၃ ဦးရှိခဲ့ပြီး ကျွန်းသို့ နိုင်ငံတကာခရီးသွားလာရောက်လည်ပတ်မှု တည်ငြိမ်စွာ မြင့်တက်နေကြောင်း သိရသည်။

BPS ဘာလီ၏ အများပြည်သူဆက်ဆံရေးအသင်း၏အကြီးအကဲ Ari Kurnianto က ဇူလိုင်လတွင် ပင်လယ်မှ လာရောက်လည်ပတ်မှုကျဆင်းခဲ့သော်လည်းလေကြောင်းမှလာရောက်လည်ပတ်မှုမှာ ၉ ဒသမ၃၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

BPS က ထိုသို့မြင့်တက်လာမှုသည် ဩစတြေးလျ၏ ဆောင်းရာသီကျောင်းအားလပ်ရက်နှင့် ဥရောပတွင်အပူလှိုင်းသတိပေးချက်အစရှိသည့် များစွာသော ရာသီဥတုဆိုင်ရာ အကြောင်းအရာများက တစ်စိတ်တစ်ပိုင်းအနေဖြင့် ပါဝင်နေကြောင်း မှတ်ချက်ပြုခဲ့သည်။

နိုင်ငံအားဖြင့်ဆိုပါက ဇူလိုင်လတွင်ဩစတြေးလျခရီးသွားလာရောက်လည်ပတ်မှုက ၁၆၁,၀၅၁ ဦးဖြင့် ဦးဆောင်ခဲ့ပြီး ၎င်း၏နောက်တွင် တရုတ်က ၅၉၆၅၁ ဦး၊ အိန္ဒိယက ၄၅,၂၈၈ ဦး၊ ပြင်သစ်က ၃၈၄၆၀ ဦးနှင့်တောင်ကိုရီးယားက ၃၈,၂၇၅ ဦး တို့ဖြင့် အသီးသီးရပ်တည်နေကြောင်း သိရသည်။

ထိုပမာဏထဲတွင်ပြင်သစ်ခရီးသွားလာရောက်လည်ပတ်မှုက ဇွန်လထက် ၆၀ ဒသမ ၇၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၏ ဇန်နဝါရီလမှဇူလိုင်လထိဆိုပါက ဘာလီသို့နိုင်ငံခြားခရီးသွားလာရောက်လည်ပတ်မှုမှာ ၂၀၂၄ ခုနှစ်တူညီသည့် ကာလနှင့်နှိုင်းယှဉ်ပါက ၁၂ ဒသမ ၄၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

**Source : Antara News**

DOCA (ရန်ကုန်)

https://www.doca.gov.mm/

## အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေးစာချုပ် လျင်မြန်စွာဆန်းစစ်ရန် အင်ဒိုနီးရှားတိုက်တွန်း



အင်ဒိုနီးရှားအစိုးရသည် ပိုမိုကျစ်လျစ်ပြည့်စုံရန်၊ ပွင့်လင်းမြင်သာရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ အကျိုးအမြတ်ရရှိရန်ပြုလုပ်မည့် အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူညီချက် (AITIGA) ပြန်လည်ဆန်းစစ်မှုကိုလျင်မြန်စွာ အပြီးသတ်ရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

၎င်းကို အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ဂျကာတာမြို့တွင်ကျင်းပသည့် အစည်းအဝေးတွင် အင်ဒိုနီးရှား ဒုတိယ ကုန်သွယ်ရေးဝန်ကြီး Dyah Roro Esti ကပြောကြားခဲ့ကြောင်း သိရသည်။

အစည်းအဝေးသည်မဖြေရှင်းရသေးသည့်ကိစ္စရပ်များကို အိန္ဒိယနှင့်အတူဖြေရှင်းရန် ဗျူဟာမြောက်အခွင့်အလမ်းတစ်ခုဖြစ်ကြောင်းနှင့် နှစ်ဖက်စလုံးအတွက် ညီတူညီမျှအကျိုးအမြတ်ရှိမည့် အဓိပ္ပာယ်ရှိသောရလဒ်များ ထွက်ရှိခဲ့ကြောင်း သိရသည်။

Esti က အာဆီယံစီးပွားရေးဝန်ကြီးများသည် ပြန်လည်ဆန်းစစ်မှုကို ၂၀၂၅ ခုနှစ်ကုန်တွင်ပြီးမြောက်ရန် ရည်မှန်းချက်နှင့်အတူ ဆွေးနွေးမှုများမြန်ဆန်စွာဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း၊ အရှေ့တောင်အာရှဒေသသို့ကြီးမား သောအကျိုးကျေးဇူးများရရှိရန် အာဆီယံနိုင်ငံများနှင့် အိန္ဒိယကြား ကုန်သွယ်ရေးဆက်ဆံမှု မြှင့်တင်ခြင်းသည် အရေးပါကြောင်းနှင့် AITIGA အကောင်အထည်ဖော်ခြင်းသည် အင်ဒိုနီးရှား စီးပွားရေးလုပ်ငန်းရှင်များအတွက် ဒေသဆိုင်ရာကုန်သွယ်မှုဂေဟစနစ်တွင် ပိုမိုပူးပေါင်းပါဝင်နိုင်ရန် ကျယ်ပြန့်သောအခွင့်အလမ်းများကို တံခါးဖွင့်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီးဌာနထံမှအချက်အလက်များအရ၂၀၂၄ ခုနှစ်တွင် နှစ်နိုင်ငံအပြန် အလှန်ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၁၈ ဘီလီယံရှိပြီး အင်ဒိုနီးရှားက အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၅ ဘီလီယံ တန်ဖိုးတင်ပို့ခဲ့ကြောင်း သိရသည်။

အိန္ဒိယသို့ အင်ဒိုနီးရှား၏ ထိပ်တန်းပို့ကုန်များတွင် ကျောက်မီးသွေး၊ စားအုန်းဆီ၊ စတီးလ်နှင့် စတီးလ်သတ္တုရိုင်းတို့ပါဝင်ကြောင်း သိရသည်။

**Source : Antara News**

**DOCA (ရန်ကုန်)**

https://www.doca.gov.mm/

## ဖိလစ်ပိုင်အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့မှ စက်တင်ဘာလအတွင်း ဆန်တန်ချိန် ၆၀,၀၀၀ ရှိ ဆန်အိတ်ပေါင်း ၁ ဒသမ ၂ သန်းအား လေလံစနစ်ဖြင့်ရောင်းချပေးသွားမည်ဖြစ်

ဖိလစ်ပိုင်အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့(National Food Authority-NFA)သည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအတွင်း သက်တမ်းရင့်ဆန်တန်ချိန် ၆၀,၀၀၀ ရှိ ဆန်အိတ်ပေါင်း ၁ ဒသမ ၂ သန်းအား လေလံစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ဆန်သိုလှောင်ရုံများနေရာလစ်လပ်သွားစေရန်၊ ဆန်များ သက်တမ်းရင့်ကာ ပိုးထိုးမှုများမဖြစ်စေရန်နှင့် ပြည်တွင်းဆန်ရောင်းလိုအားကို ပံ့ပိုးပေးနိုင်စေရန်တို့ အတွက်ဖြစ်ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။

အများပြည်သူထံသို့ မရောင်းချမီ အစိုးရလူမှုကယ်ဆယ်ရေးအေဂျင်စီများထံသို့ ဦးစွာရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါသက်တမ်းရင့်ဆန်များသည် ဆန်စက်ရုံများမှ ကြိတ်ခွဲပြီးနောက် ၃ လခန့် NFA ဆန်သိုလှောင်ရုံများတွင် သိမ်းဆည်းသိုလှောင်ထားခြင်းဖြစ်သည်။

ယခုလေလံစနစ်ဖြင့် ရောင်းချပေးမည့်ပမာဏသည် အမျိုးသားအဆင့်စားသုံးမည်ဆိုပါက ၁၂ ရက်စားသုံးနိုင်သည့်ပမာဏနှင့်ညီမျှသည့် ဆန်အရန်ရိက္ခာစုစုပေါင်းတန်ချိန် ၄၅၀,၀၀၀ မက်ထရစ်တန်၏ ၁၃ ရာခိုင်နှုန်းရှိသည်။ ကြမ်းခင်းဈေးအနေဖြင့် ဆန်တစ်ကီလိုလျှင် ၂၅ ဒသမ ၀၁ ပီဆိုမှ ၂၇ ဒသမ ၉၆ ပီဆိုကြားရှိပြီး ဆန်သိုလှောင်ရုံများတွင် သိုလှောင်သိမ်းဆည်းနိုင်မှုအပေါ် မူတည်၍ ရောင်းချသွားမည်ဖြစ်သည်။

ဆန်သိုလှောင်ရုံများ နေရာလစ်လပ်ခြင်းက NFA အနေဖြင့် စပါး(Unmilled rice/ Palay)များကို ပြည်တွင်းဆန် တောင်သူများထံမှ ပိုမိုဝယ်ယူနိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ NFA မှ လေလံစနစ်ဖြင့် ဆန်တောင်သူများထံမှ ဝယ်ယူမည့် အစီအစဉ်အားသမ္မတမားကို့စ်ဂျူနီယာမှ ၁-၉-၂၀၂၅ ရက်နေ့မှစတင်၍ ဆန်တင်သွင်းမှုကို ရက်ပေါင်း ၆၀ ယာယီရပ်ဆိုင်းမည့် ကာလအတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စပါးရိတ်သိမ်းမှုမြင့်မားသည့်ကာလ အထူးသဖြင့်အောက်တိုဘာလနှင့်နိုဝင်ဘာလတို့တွင်ပြည်တွင်းစပါးဈေးနှုန်း ပြန်လည်ကောင်းမွန်မြင့်တက်လာစေရေးကို အထောက်အပံ့ဖြစ်စေနိုင်ရန် ရည်ရွယ်ကြောင်း NFA ကောင်စီဥက္ကဋ္ဌနှင့် စိုက်ပျိုးရေးဝန်ကြီးဖြစ်သူ Francisco Tiu Laurel Jr. မှ ပြောကြားခဲ့သည်။

**Source : ကေသွယ်နိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့**

https://myantrade.gov.mm/

## STOCK EXCHANGE (12.9.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 12th Sep. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,941 (Shares) | 25,255,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,400 | +100 | +1.37% | 7,400 | 7,400 | 7,400 | 1,959 | 14,496,600 | 33,109,694 | 245,012 |
| MTSH | 00002 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,150 | 1 | 3,150 | 38,929,150 | 122,627 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 2 | 14,800 | 10,400,986 | 76,967 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,950 | 2,000 | 1,950 | 1,381 | 2,742,250 | 29,664,613 | 57,846 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 1,100 | 2,915,000 | 12,823,224 | 33,982 |
| EFR | 00006 | 1,900 | +50 | +2.70% | 1,850 | 1,900 | 1,800 | 2,214 | 4,155,950 | 19,977,223 | 37,957 |
| AMATA | 00007 | 3,250 | -50 | -1.52% | 3,300 | 3,300 | 3,250 | 198 | 643,650 | 10,497,598 | 34,117 |
| MAEX | 00008 | 3,300 | +50 | +1.54% | 3,300 | 3,300 | 3,300 | 86 | 283,800 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 12th Sep. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.26 | +2.64 | +0.73% | 364.01 | 364.80 | 363.20 | 6,941 | 25,255,200 | 8 | 687,064 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 12th Sep. 2025

| Trading Volume | Trading Value |
|---|---|
| 6,977 (Shares) | 25,354,200 (MMK) |

## Main Board

As of 1:00 pm, 12th Sep. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,941 (Shares) | 25,255,200 (MMK) |

| MYANPIX | 364.26 ▲ 2.64 |
|---|---|
| Total Volume (shares) | 6,941 |
| Total Value (MMK) | 25 mil |
| Listed Company | 8 |
| Market Cap. (MMK) | 687,064 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,400 | ▲ 100 |
| MTSH | 00002 | 3,150 | ▲ 0 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 1,900 | ▲ 50 |
| AMATA | 00007 | 3,250 | ▼ 50 |
| MAEX | 00008 | 3,300 | ▲ 50 |

TIR